# ဖိတ်ခေါ်ခြင်း– ဆွေးနွေးညှိနှိုင်း ဗဟုသုတ ဖလှယ်ခြင်း

၂၀၀၉ ခု အောက်တိုဘာလ ၉ ရက်

ကရုဏာရှင် အကြင်နာရှင် ဖြစ်တော်မူသော အလ္လာဟ်အရှင်မြတ်၏ နာမတော်အားဖြင့်–

ဓမ္မမိတ်ဆွေအပေါင်း ကျမ္မာ ချမ်းသာကြပါစေလို့ အဦးပထမ မေတ္တာပို့သပါတယ်၊– အခုတစ်ပတ် ကျွန်တော်အနေနဲ့ ဆွေးနွေးမယ့် ခေါင်းစဉ်ကတော့– ဖိတ်ခေါ်ခြင်းနဲ့ ဆွေးနွေးညှိနှိုင်းတိုင်ပင်ခြင်း ဆိုတာဖြစ်ပါတယ်။

ဖိတ်ခေါ်ခြင်းဆိုတာကို အာရ်ဗီလို ဒါဝါဟ် လို့ခေါ်ပါတယ်၊ မူဆလင် ညီအစ်ကိုမောင်နှမတိုင်း ရင်းနှီးကျွမ်းဝင်ပြီးသား စကားလုံး ဖြစ်ပါတယ်။

ဒါပေမယ့် ဒီနေရာမှာ ကျွန်တော်တင်ပြချင်တာက ဒီထက်နဲနဲ ပိုပြီး နက်ရှိုင်းမယ်ထင်ပါတယ်၊ ဆိုလိုဒါက– ဒါဝါဟ်ရဲ့ ဦးတည်ချက်ကို တင်ပြချင်တာပါ၊ ဒါဝါဟ်လို့ခေါ်တဲ့ ဦးတည်ချက်က ဘယ်သူတွေကို ဦးတည်မှာလဲ ဆိုတာပါ၊ တနည်းအားဖြင့် ဖိတ်ခေါ်တယ်ဆိုရင် ဘယ်လိုလူသားမျိုးကို ဖိတ်ခေါ်မှာလဲပေ့ါ၊–

လူတစ်ဦးဟာ မိမိမှာ စားဘွယ်သောက်ဘွယ် ကောင်းမွန်တာတွေရှိ၊ ဉစ္စည်းကောင်းမွန်တာတွေရှိတယ်၊ အကြံဉာဏ်ကောင်းတွေရှိတယ်၊ ဘဝလမ်းလျှောက်နည်း ကောင်းမွန်တဲ့ နည်းစနစ်တွေရှိတယ်၊ နောက်ဆုံး ဘာသာရေး စကားနဲ့ပြောရင် ချမ်းသာသုခ နိဗ္ဗာန်ရောက်ကြောင်း တရားတွေရှိတယ်– ဆိုရင် အဲ့ဒီ ကောင်းမွန်တဲ့ အရာတွေကို တစ်စုံတစ်ဦးကို ဖိတ်ခေါ်ပြီး ခွဲဝေပေးရမယ် ဆိုရင်– အဲ့ဒီအရာတွေ ပိုင်ဆိုင်ပြီးသား လူတွေကို ပေးသင့်သလား– အဲ့ဒီအရာများ လုံးဝ မရှိသေးတဲ့ လူတစ်ဦးကို ပေးမလား အရင်စဉ်းစားရပါမယ်။

ပြီးတော့– မိမိက စေတနာရှိတဲ့လူ၊ မေတ္တာရှိတဲ့လူတွေကို ပေးမလား၊ သို့မဟုတ် စေတနာ မေတ္တာမရှိတဲ့လူကို ပေးမလား မိမိကိုယ်မိမိ စဉ်းစားကြည့်နိုင်ပါတယ်။

ဒီနေရာမှာ– ကျွန်တော့ခံယူချက်ကတော့– လုံးဝမရှိသေးတဲ့လူ၊ မိမိက စေတနာမေတ္တာရှိတဲ့ လူကိုပဲ ပေးသင့်တယ်လို့ မြင်ပါတယ်။ ရှိပြီးသားလူတွေကို စေတနာ မေတ္တာရှိပေမယ့် သူ့မှာ ရှိနေပြီးသားဖြစ်လို့– ပေးနေစရာမလိုတော့ပါဘူး၊ ဒါပေမယ့် သူ့ကို ပစ်ပါယ်ထားလို့တော့ မရဘူး၊ ပိုပြီး ကြီးပွားလာအောင်၊ ရင့်သန်တည်ငြိမ်လာအောင် ဆွေးနွေးညှိနှိုင်း အကြံဉာဏ်တွေပေးရမယ်၊ ဗဟုသုတတွေ ဖလှယ်ပေးရမယ်။

အခု ကျွန်တော်တို့မှာ လူသားအပေါင်းကို လက်ဆောင်ပေးစရာ– **သောင်ဟီးဒ်**လို့ ခေါ်တဲ့ ဘုရားတစ်ဆူဝါဒ ရှိနေတယ်၊ လူသားတွေကို လူ့စည်းလူ့ကမ်းနဲ့ နေတတ်ထိုင်တတ်အောင် သွန်သင်ပေးတဲ့ ကျမ်းမြတ်ကုရ်အံ ရှိနေတယ်၊ နောက်ဆုံးပွင့် နဗီတမန်တော် မုဟမ္မဒ်ဆိုတာကို သိနေတယ်၊ ဒါတွေကို ကျွန်တော်တို့ ပတ်ဝန်းကျင်က လူသားညီအစ်ကို အများစုကြီးဟာ သိခွင့်မရခဲ့ဘူး၊–

ကျွန်တော်တို့နဲ့ တစ်နည်းမဟုတ် တစ်နည်းနဲ့ သွေးသားတော်စပ်တယ်၊ တစ်မြေတည်း တစ်ရေတည်း နှစ်ပေါင်းများစွာ အတူနေထိုင်ကြတယ်၊– ဒါပေမယ့် ဒီညီအစ်မောင်နှမတွေ သိခွင့်မရခဲ့ဘူးဆိုတာ– ကျွန်တော်တို့မှာ တာဝန်မကင်းဘူးလို့ ခံစားတတ်ဘို့ လိုပါတယ်။ ကိုယ်နဲ့ အတူနေတဲ့ လူတွေက– ဘုရားတစ်ဆူဝါဒ ဆိုတာကို မသိရ၊ ရောပြွန်းကိုးကွယ်မှုနဲ့ အသားကျနေတာတွေကို ကျွန်တော်တို့တွေက သူတို့ကို စေတနာထားပြီး မေတ္တာထားပြီး ရှင်းပြဘို့လိုပါတယ်။

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ရောပြွန်းကိုးကွယ်ခြင်းဆိုတာ ထိုကိုးကွယ်သူ လူသားအတွက် အလွန်တရာ ထိခိုက်စေတယ်ဆိုတာကိုလည်း မေတ္တာထားပြီး ရှင်းပြရပါမယ်၊–

ဥပမာအားဖြင့်– ကွမ်းယာဝါးတတ်တဲ့ လူတစ်ဦးက အားနည်းခေါင်းမူးပြီး – သမားတော် တစ်ဦးဆီကို သွားတယ် ဆိုပါတော့၊ သမားတော်ကြီးက– သူ့ကို– ကွမ်းဝါးသူဖြစ်လို့၊ ဗိုက်ထဲမှာ ကျောက်မဖြစ်အောင်– ဖရဲသီး စားဘို့ အကြံပေးတယ်၊ နောက်ပြီး အားနည်းခေါင်းမူးတတ်လို့ အားဖြစ်အောင် ဘဲဥ စားဘို့လည်း အကြံပေးတယ်၊– အဲ့ဒီ အကြံပေးခံရတဲ့သူဟာ၊ ဖရဲသီးကို သီးခြားစားမယ်၊ လိုအပ်တဲ့အခါ ဘဲဥကို သီးခြားစားမယ်ဆိုရင် သူ့အတွက် အကျိုးဖြစ်နိုင်ပါတယ်။ ဒါပေမယ့်– ကျောက်လည်း မဖြစ်အောင်– အားလည်းတိုးလာအောင် ဘဲဥနဲ့ ဖရဲသီးကို ရောပြွန်းပြီး စားလိုက်မယ်ဆိုရင်– အစာအဆိပ် ဖြစ်နိုင်ပါတယ်၊ အလားတူပါဘဲ– လူ့ဘဝ တည်ဆောက်မှုအတွက် ယုံကြည်ပုံအပ်ခိုးကိုးတာကို ကိုးကွယ်တယ်လို့ခေါ်တယ်၊ အဲ့ဒီကိုးကွယ်မှုမှာ လောကစကြာဝဠာ အနန္တရဲ့ နိယာမတွေကို ပြဌာန်းပေးတဲ့ ဘုရားနဲ့– အဲ့ဒီနိယာမတွေကို သိခွင့်ရလူသားတွေကို သီးသန့်ထား ကိုးကွယ်တတ်မှုဟာ အရေးကြီးပါတယ်၊ သီးသန့်ထားကိုးကွယ်တတ်မှု မရှိဘဲ ရောပြွန်းကိုးကွယ်မိရင်၊ ကိုးကွယ်သူအတွက် ဘေးမငြိမ်းဘဲ– ဘေးသင့်စေနိုင်ပါတယ်။

ကျွန်တော်တို့ လူသားညီအစ်ကိုတွေ အနေနဲ့ ရောပြွန်းကိုးကွယ်မှုကို– ကျူးလွန်မိနေရင်၊ (၁) သူတို့ကို သတိပေါ်ပေးရမယ်၊ (၂) ဘုရားတစ်ဆူဝါဒဘက်ကို ဖိတ်ခေါ်ရမှာ ဖြစ်တယ်။

ရောပြွန်းကိုးကွယ်ခြင်း (ရှရိုးက်)က လွတ်မြောက်ပြီးသား လူတွေကိုကြတော့ ကျွန်တော်တို့ ဖိတ်ခေါ်လိုရာကို ရောက်ပြီးသား လူတွေလို့ သတ်မှတ်လို့ရတယ်။ အဲ့ဒီ လိုရာသို့ ရောက်ပြီးသားလူတွေကို ထပ်ဆင့်ဖိတ်ခေါ်နေခြင်းဟာ အပိုအလုပ်တစ်ခုသာ ဖြစ်ပါတယ်။ သူတို့ကို ထိုက်သင့်သလို နေရာချပေးရမယ်။ တနည်းအားဖြင့် ဘုရားတစ်ဆူဝါဒလမ်းစဉ် အစ္စလာမ်က ပြဌာန်း ထားတဲ့ နိယာမတွေကို အံဝင်ဂွင်ကျဖြစ်အောင် လေ့ကျင့်ပေးရမယ်၊ သင်တန်းပေးရမယ်ဖြစ်ပါတယ်။

သောင်ဟီးဒ် ခေါ် ဘုရားတစ်ဆူဝါဒကို မသိသေးတဲ့လူ၊ အကြောင်းအမျိုးမျိုးကြောင့် သိနိုင်ခွင့် လမ်းကြောင်းပေါ်မှာ ပိတ်ဆို့ တားမြစ်ခြင်းခံနေရတဲ့ သူတွေကို ပစ်ပယ်ထားပြီး– သူတို့ကို မင်းတို့က မိစ္ဆာဒိဋ္ဌိတွေ၊ ကာဖရ် မူရှရိုးက် တွေလို့ ပြောဆို စွပ်စွဲ နေခြင်းဟာ အစ္စလာမ် တရားတော်က ပြဌာန်းထားတဲ့ နိယာမ လမ်းစဉ်နဲ့လည်း ကိုက်ညီမှု မရှိသလို၊ ကျွန်တော်တို့က သူတို့ အပေါ်မှာ မေတ္တာ မထားရာလည်း ရောက်ပါတယ်။

ကျွန်တော်တို့ သိသမျှကို သူတို့ကို မပြောပြခြင်းဟာ ကျွန်တော်တို့ရဲ့ တာဝန်ပျက်ကွက်ရာလည်း ရောက်ပါတယ်။ ကျမ်း တော်က "မင်းတို့မှာ ပိုင်ဆိုင်သမျှထဲက သူတစ်ပါးကို ပေးဝေကြ လူဒါန်းကြ မေတ္တာထားကြ၊"လို့ မကြာခဏ ပြောဆို ထား တဲ့– ဥပဒေကို မလိုက်နာရာလည်း ရောက်ပါတယ်။

အထူးသဖြင့် ဒီနေရာမှာ ကျွန်တော်တင်ပြလိုတာက– ကျွန်တော်တို့ လူသားညီအစ်ကိုတွေကို မေတ္တာ စစ်စစ်ထားပါ။ အမုန်း တွေ အာဃာတတွေ မခံချင်မှုတွေကို ပယ်ပြီး– ငါ့ညီကို မောင်နှမတွေ တစ်ရားလမ်းမှန် ရောက်ပါစေလို့ စေတနာကောင်းနဲ့ ပြောပြပါ။ သူတို့ဆီကို ဘုရားတစ်ဆူ ဝါဒကို ရောက်အောင်ပို့ပေးပါ– အစ္စလာမ် သာသနာရဲ့ အေးရိပ်ကို လွတ်လပ် ပေ့ါပါးစွာ ခိုလှုံခွင့် ပြုလိုက်ပါ။ အစ္စလာမ် သာသနာကို ကျွန်တော်တို့သာ ပိုင်ဆိုင်ရမယ်လို့ မူပိုင်ဆွဲထားတဲ့ သဘောမျိုးတွေကို ပါယ် သတ်လိုက်ပါ–

မိမိတို့ အစ္စလာမ် ခေါင်းစဉ်အောက်မှာ ရှိပြီးသား လူသားတွေကိုသာ ဖိတ်ခေါ်မှုပြုနေခြင်းက– မယောင်ရာ ဆီလူးနေသလို ဖြစ်နေပါတယ်။ အဲ့ဒီ လူသားတွေကို ရာထူးတိုးပေးရမယ်၊ အဆင့်မြှင့်ပေးရမယ်၊ သူတို့ဘဝတွေ တိုးတက်အောင် ကူညီရမယ်။ သူတို့ရဲ့ စားဝတ်နေရေးတွေကို ကူညီစဉ်းစားပေးရမယ်၊ သူတို့တွေကို တစ်ဦးချင်းဆီ ဆရာသမားတွေ ဖြစ်အောင် လေ့ကျင့်

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com

ပေးရပါမယ်။ တနည်းအားဖြင့် သူတို့တွေကို ဆွေးနွေးညှိနှိုင်း ဗဟုသုတတွေ ဖြန့်ဝေပေးရမှာ ဖြစ်ပါတယ်။ ဒီတော့မှ အနာနဲ့ ဆေး တည့်တည့်တိုးနိုင်ပါတယ်။

ဒီကစပြီး– မှန်ကန်သော ဒါ့ဝါ့ဟ် (ဖိတ်ခေါ်မှုများ) ပြုနိုင်ပါစေလို့ အလ္လာဟ်ထံမှာ ဆောင်းတောင်းပေးပါတယ်။ ကျွန်တော်လည်း အဲ့ဒီခရီးမှာ အားစိုက်နိုင်အောင် ဆုတောင်းပေးပါလို့ မေတ္တာရပ်ခံပါတယ်။

ကျမ္မာချမ်းသာကြပါစေ

ဦးအောင်ဒင် (မြန်မာစာ– အငြိမ်းစား)

PDF Created with deskPDF PDF Writer - Trial :: http://www.docudesk.com